# ကုန်သေတ္တာများအား သင်္ဘောပေါ်မှ ချယူခြင်း ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်အဆင့်ဆင့်

**အဆင့် (၁)**

**(၁.၁) ကုန်သေတ္တာအချက်အလက်များအား ရယူခြင်း**

အဆိုပါအချက်အလက်များအား သက်ဆိုင်ရာဆိပ်ကမ်းတံတားများအနေဖြင့် Softcopy အား သက်ဆိုင်ရာ သင်္ဘောလိုင်းမှလည်းကောင်း၊ Hardcopy အား ကိုယ်စားလှယ် လုပ်ငန်း ဌာနမှလည်းကောင်း ရရှိမည်ဖြစ်ပြီး ဆိပ်ကမ်းတံတားများအနေဖြင့် ကိုယ်စားလှယ် လုပ်ငန်းဌာနမှ ရရှိသောစာရင်းအချက်အလက်များပေါ် အခြေတည်၍ လုပ်ငန်းဆောင် ရွက်မှုများ ပြုလုပ်သွားရမည် ဖြစ်သည်။

**Terminal Operation System အသုံးပြုသောဆိပ်ကမ်းများ**

ကိုယ်စားလှယ်လုပ်ငန်းဌာနမှ အသိအမှတ်ပြုထားသော အဝင်ကုန်သေတ္တာစာရင်း၊ (ကုန်သေတ္တာ အတင်/အချ စာရင်း) (Annex 71/72) နှင့် ကုန်ပစ္စည်း စာရင်း (Manifest Information) အား UNEDIFACT Code ဖြင့် ရယူ၍ Terminal Operation System ထဲသို့ ထည့်သွင်း၍ စနစ်မှ အလိုအလျောက် ထုတ်ပြန်ပေးသော Discharging Sequence Plan နှင့် Yard Plan များအား ရယူခြင်း။

**Terminal Operation System အသုံးမပြုသောဆိပ်ကမ်းများ**

ကိုယ်စားလှယ်လုပ်ငန်းဌာနမှ အသိအမှတ်ပြုထားသော အဝင်ကုန်သေတ္တာ စာရင်း နှင့် (ကုန်သေတ္တာအတင်/အချ စာရင်း) (Annex 71/72) နှင့် ကုန်ပစ္စည်း စာရင်း (Manifest Information) အား လက်ခံရယူ၍ ကုန်ချ ခြင်းအတွက် လိုအပ်သော Yard Plan ရေးဆွဲခြင်း စသည့်ကိစ္စရပ်များ ပြုလုပ်ခြင်း။

**အဆင့် (၂)**

**Port EDI စနစ်အတွင်းသို့ သင်္ဘောဆိုက်ကပ်ချိန် ဖြည့်သွင်းခြင်း။**

ဆိပ်ကမ်းတံတားများအနေဖြင့် သင်္ဘောဆိုက်ကပ်ပြီးသည့်အချိန်မှ တစ်နာရီ အတွင်း Port EDI စနစ်ထဲသို့ သင်္ဘောဆိုက်ကပ်ချိန်အား ဖြည့်သွင်းခြင်း။

## အဆင့် (၃)

## ကုန်တင်/ချလုပ်ငန်းဆောင်ရွက်ခြင်း

အကောက်ခွန်ဦးစီးဌာနမှ ကုန်တင်/ချလုပ်ငန်း စတင်ရန် ခွင့်ပြုချက် General Working Order, Breakbulk Order and PO Application များအား သက်ဆိုင်ရာသင်္ဘောလိုင်း ကိုယ်စားလှယ်ထံမှ ရရှိသည့်အခါ ဆိပ်ကမ်းတွင်း တာဝန်ကျသည့်အကောက်ခွန်တာဝန်ခံမှ ကုန်ချလုပ်ငန်းအား စတင်ခွင့် ပြုခြင်း။

(မကြာမီကာလအတွင်း အဆိုပါသတင်းအချက်အလက်များအား သက်ဆိုင် ရာသင်္ဘောလိုင်း ကိုယ်စားလှယ်ထံမှလူကိုယ်တိုင် သွားရောက်ရယူရန်မလိုဘဲ အကောက်ခွန်ဦးစီးဌာန (ရုံးချုပ်)ရှိ အခွင့်ပေးပိုင်ခွင့်ရှိသူက Port EDI စနစ်မှ တစ်ဆင့် သက်ဆိုင်ရာ ဆိပ်ကမ်း တံတားရှိ အကောက်ခွန်တာဝန်ခံ အရာရှိထံ တိုက်ရိုက်ပေးပို့သွားနိုင်ရေးညှိနှိုင်း ဆောင်ရွက်လျှက်ရှိပါ သည်။) (အကောက်ခွန်လုပ်ငန်းစဉ်)

### ၃.၁ ကုန်ချစဉ်အတွင်း ကုန်သေတ္တာများအား စစ်ဆေးခြင်း

ကုန်သေတ္တာများအား သင်္ဘောပေါ်မှ ဆိပ်ကမ်းတံတားသို့ ချစဉ်အတွင်း တံတားဦးဖိုမင် နှင့် အဖွဲ့မှ စစ်ဆေးပြီး တွေ့ရှိချက်များအား မှတ်တမ်းတင်၍ ကုန်သေတ္တာ ပျက်စီးမှု ပမာဏ အနည်း/ အများပေါ် မူတည်၍ အဓိက/သာမညခွဲခြားပြီး လိုအပ်သော အရေးယူ ဆောင်ရွက်မှုများ ပြုလုပ်ခြင်း။

(က) အဓိက ထိခိုက်မှု

တံတားဦးဖိုမင်မှကုန်သေတ္တာများဘေးအန္တရာယ် ကင်းရှင်းစေရေး အပြည်ပြည် ဆိုင်ရာ ကွန်ဗင်းရှင်း ၁၉၇၂ အရ လက်ခံနိုင်ဖွယ်မရှိသော ထိခိုက်ပျက်စီးမှုများ တွေ့ရှိပါက တံတား ဦးဖိုမင်အနေဖြင့် သွင်းကုန် ပစ္စည်းစစ်ဆေးရေးအဖွဲ့ (import survey team)အား သတင်း ပေးပို့၍ အဆိုပါအဖွဲ့မှ သင်္ဘော၏ ပထမကုန်းပတ် အရာရှိ၊ သက်ဆိုင်ရာ သင်္ဘောလိုင်း/ ဆိပ်ကမ်းနှင့်ကိုယ်စားလှယ်လုပ်ငန်း ဌာနတို့မှ ကိုယ်စားလှယ် တစ်ဦးစီ ပါဝင်သော စုပေါင်း စစ်ဆေးရေးအဖွဲ့ (Joint Survey Team) အား ဖွဲ့စည်း၍ ထိခိုက်ပျက်စီးမှုအား စစ်ဆေးမှု မှတ်တမ်းတွင် စုပေါင်း မှတ်တမ်းတင်

လက်မှတ်ရေးထိုးရမည်။

အကယ်၍ သင်္ဘောလိုင်းချိပ်ကျိုးပျက်နေသော ကုန်သေတ္တာများ တွေ့ရှိပါက စုပေါင်းစစ်ဆေးရေးအဖွဲ့တွင် Onboard Customs အား ထည့်သွင်း ပါဝင်စေရ မည်။

(ခ) အနည်းငယ်ထိခိုက်မှု

အနည်းငယ်သော ထိခိုက်ထားရှိမှုများ တွေ့ရှိပါက တံတားဦးဖိုမင် အနေဖြင့် သက်ဆိုင်ရာ သင်္ဘောလိုင်း/ဆိပ်ကမ်းနှင့် ကိုယ်စားလှယ် လုပ်ငန်းဌာနတို့မှ ကိုယ်စားလှယ် တစ်ဦးစီ ပါဝင်သော စုပေါင်းစစ်ဆေးရေးအဖွဲ့ (Joint Survey Team) အား ဖွဲ့စည်း၍ ထိခိုက်ပျက်စီးမှုအား စစ်ဆေးမှုမှတ်တမ်းတွင် စုပေါင်း မှတ်တမ်းတင် လက်မှတ် ရေးထိုး ရမည်။

## အဆင့် (၄)

### သင်္ဘောမှချယူပြီးသော ကုန်သေတ္တာများအား ကုန်သေတ္တာ လွင်ပြင်တွင် ထားသိုခြင်း

#### Terminal Operation System အသုံးပြုသောဆိပ်ကမ်းများ

အဆိုပါဆိပ်ကမ်းများအနေဖြင့် သင်္ဘောမှချယူပြီးသော ကုန် သေတ္တာများအား Terminal Operation System မှ အလိုအလျောက်ပြုစုတွက်ချက်ပေးသည့် yard plan အပအဝင် discharging sequence plan အတိုင်းကုန်သေတ္တာ လွင်ပြင်သို့ ပြောင်းရွှေ့ထားသိုခြင်း။

#### Terminal Operation System အသုံးမပြုသောဆိပ်ကမ်းများ

အဆိုပါဆိပ်ကမ်းများအနေဖြင့် ကိုယ်စားလှယ်လုပ်ငန်းဌာန နှင့် သင်္ဘောလိုင်း မှ ပေးပို့သော load plan အပေါ်မူတည်၍ ၎င်းတို့၏ Operation ဌာနမှ လူဖြင့် ရေးဆွဲထားသော Yard Plan အတိုင်း ချယူပြီးသော ကုန်သေတ္တာများအား ကုန်သေတ္တာ လွင်ပြင်သို့ ပြောင်းရွှေ့ ထားသိုခြင်း။

## အဆင့် (၅)

### MACCS System တွင် Update ပြုလုပ်ခြင်း

သင်္ဘောမှချယူပြီးသော ကုန်သေတ္တာများအား ကုန်သေတ္တာလွင်ပြင်တွင်ထားသိုခြင်း လုပ်ငန်းပြီးစီး ပက အဆိုပါကုန်သေတ္တာထားသိုမှု အနေအထားအား သက်ဆိုင်ရာလွင်ပြင် စာရေးမှ စနစ်ဖြင့်သော် လည်းကောင်း၊ လူဖြင့် manual အားဖြင့်သော်လည်းကောင်း Update

ပြုလုပ်ခြင်း။

ထို့နောက် discharging complete message (PKI) အားလည်းကောင်း၊ အကယ်၍ တိုက်ရိုက် ထုတ်ယူသော ကုန်သေတ္တာ (သို့မဟုတ်) အထူးအမိန့်ဖြင့် ထုတ်ယူသော ကုန်သေတ္တာဖြစ်ပါက (PKK) message အား လည်းကောင်း MACCS System တွင် ဝင်ရောက်ဖြည့်သွင်းခြင်း။

**အဆင့် (၆)**

**Port EDI System တွင် Update ပြုလုပ်ခြင်း**

CY information အား Port EDI စနစ်ထဲသို့ ညနေ (၄:၀၀) နာရီမတိုင်မီ ဖြည့်သွင်းခြင်း။

# ကုန်သေတ္တာများအား သင်္ဘောပေါ်မှ ချယူခြင်းလုပ်ငန်းစဉ်အဆင့်ဆင့်

